ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ခလောက်ဆွဲကျေးရွာ၊ မီးပြကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ........................................................................................................... ၂

၂။မီးပြကျေးရွာအုပ်စုမြေပုံ .......................................................................................................... ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း....................................................... ၄

၄။ကျေးရွာအခြေခံအချက်အလက်များ.............................................................................................. ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................၁၈

၈။ကော်မတီဝင်များ၏အမည်စာရင်းများ.......................................................................................၂၀


၉။ပုံစံ-၁။ကျေးရွာအချက်အလက်    ..................................................................................................၂၁

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ...........................................................................................၂၄

၁၁။အစည်းအဝေးမှတ်တမ်းများ.....................................................................................................၂၉

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................................၃၅

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ခလောက်ဆွဲကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။မီးပြကျေးရွာ

၂။ ခလောက်ဆွဲကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ခလောက်ဆွဲကျေးရွာသည် တစ်ချိန်က နက်ရှိုင်းသော တောကြီးတစ်ခုလို ဖြစ်ပါသည်။ နေ့စဉ် ကျွဲနွားများ ကျောင်းနေစဉ် တစ်နေ့သော် ညောင်ပင်သုံးပင် ပေါက်နေသည် ကို တွေ့ရှိကြ၍ ထူခြားနေသည် လို့ ထင်မှတ်ရပြီး ညောင်ပင်သုံးပင်ကို အကြောင်းပြုပြီး "ခလွပ်ဆွဲရွာ" လို့"ချော+လုံး+ဌေး+အေး+ရာခါ" ညီမငါးဦးကနေခလွပ်ဆွဲရွာလို့အမည်ပေး၍တည်ခဲ့သည်လို့သိရှိပါသည်။ကျေးရွာစတည်ခါစကအိမ်ထောင်စု(၅၀) ရှိပြီး ယခုအခါ အိမ်ထောင်စု (၂၃၅) ရှိလာပြီးဖြစ်သည်။

ကာလတွေ ရွေ့လျားလာသော ယခုအခါ ခလောက်ဆွဲ ကျေးရွာလို့ အမည်တွင်ပါသည်။ ခလောက်ဆွဲကျေးရွာသည် ဆုတောင်းပြည့် ဘုရားကြီး နဲ့ တန်ဆောင်းတော်ကြီးလည်း ၁၂၈၂ ခုနှစ်မှစ၍ ဦးဆောင်ပေးသော ဆရာတော် ဦးကောသလ္လ နှင့် ဦးလူကလေး၊ ဒေါ်မာကလေး၊ ဒေါ်မင်းဆား မိသားစု တို့လည်း ပါဝင် လှူဒါန်းကြ၍ ၁၂၉၃ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်နေ့ စနေ နေ့တွင် ပြီးမြောက် အောင်မြင်ခဲ့၍ ယနေ့မှာတော့ တိလောက မာရဇိန်ကျွန်းလုံး ချမ်းသာ ရုပ်ပွားတော်မြတ်ကြီး နှင့် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ဖြစ်ပါသည်။ကျေးရွာတွင်ယခုအခါ မူလတန်းကျောင်းတစ်ကျောင်းရှိပြီး သောက်သုံးရေကန်(၄)ကန်ရှိသောက်သုံးရေလည်းဖူလုံလျှက်ရှိသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ေ သာ်လည်း မီးရရှိခြင်းမရှိသေးပါ။ ခလောက်ဆွဲကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၁၆)မိုင် ကွာဝေးပြီး ကျောက်တန်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မော်ဂန်းချောင်း၊ အနောက်ဘက်တွင် မီးပြစံပြကျေးရွာ၊ မြောက်ဘက်တွင် ဘော်ဂလွတ်ကျေးရွာ၊ တောင်ဘက်တွင် မင်္ဂလွန်းစံပြကျေးရွာတို့ရှိပါသည်။ ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၇၅ | ၁၆၆ | ၁၆၃ | ၃၂၉ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၆၅ | ၁၀၇ | ၉၂ | ၁၆၅ |
| မြေယာမဲ့ | ၃၀၆ | ၂၅၀ | ၅၆ | ၃၀၆ |
| မသန်စွမ်း | ၅ | ၀ | ၅ | ၅ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စပါးကြိတ်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ဆိုင်ကယ်ဂပ်ရှော့ |
| ကွမ်း | ဆိတ် | ဈေးဆိုင် | |
| | | စပါးအရောင်းအဝယ် | |
| | | ပဲတီစိမ်းရောင်းအဝယ် | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၁၀၀ | - | - | - | ၄ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၂၅ | ၁ | ၂ | - | ၂ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၁ | ၁၁၀ | - | ၆၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀ | ၂၀ | ၃ | ၁၂၀ | ၁ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆.၁၁.၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈၆ | ၅၂ | ၁၃၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆.၁၁.၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈၆ | ၅၂ | ၁၃၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၆.၁၁.၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၈၆ | ၅၂ | ၁၃၈ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၆.၁၁.၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၄ | ၁၇ | ၃၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၆.၁၁.၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၁ | ၁၄ | ၂၅ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆.၁၁.၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈၆ | ၅၂ | ၁၃၈ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




### သုံးသပ်ချက်

ခလောက်ဆွဲကျေးရွာသည် အိမ်ခြေ (၂၇၃) အိမ်ထောင်စု ရှိပါသည်။ ရွာသူရွာသား အများစု မှာ နွမ်းပါးကြသည်။စာသင်ကျောင်း(၁)ကျောင်း၊ တံတား(၁)စင်း တို့သည် ရွာမြောက်ပိုင်းတွင် တည်ရှိသည်။ ရွာ၏ အနောက်တောင်ပိုင်းတွင်ရှိသောတံတားသည်မီးပြကျေးရွာနှင့်ဆက်သွယ်ထားပါသည်။ရွာ၏အရှေ့ဘက်တွင် လည်းတံတားငယ်တစ်ခုရှိပါသည်။ ကျေးရွာပတ်လည်ကို လယ်ကွင်းများနှင့် ချောင်းများ ကာဂန်းရံထားပါသည်။ ရေတွင်းရေကန်(၄)ကန်ရှိပြီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်း ရှိပါသည်။ ရွာသူရွာသားများသည် ရွာတွင်း နှင့် ရွာပြင် လယ်ကွင်းများတွင် နေထိုင်ကြသည်။ ရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ ရွာတွင်းလမ်းများကို ပြုပြင်ရန် လိုအပ်လျှက်ရှိသည်။ လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း)တွင် ကျေးရွာ၏ အဓိကဦးစားပေးလုပ်ငန်းများဖြစ်သော ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သောကြောင့် ယခင်ထက်ပို၍ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပြီဖြစ်သည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုဇယား


၈.၁၁.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|---|
| ပြေလည်သောမိသားစု | လယ်ဧက ၁၀ မှ ၂၀၊ ရွှေနွားပျို၊ နွား၊ ဆိုင်ကယ်၊ စက်ဘီး၊ အိမ်၊ ခြံ၊ လယ်ယာသုံးပစ္စည်း၊ TV | ၃၀ | ၁၁% |
| အလယ်အလတ် | လယ်ဧက ၁၀ အောက်၊ TV | ၁၀၀ | ၃၇% |
| နွမ်းပါး | အိမ် (ဝါးအိမ် ခနိ)၊ ကူလီ၊ ခေါင်းရွက်ဈေးသည် | ၁၄၃ | ၅၄% |
| | စုစုပေါင်း | ၂၇၃ | ၁၀၀% |

**သုံးသပ်ချက်**

ခလောက်ဆွဲကျေးရွာသည် လူတန်းစား သုံးမျိုးရှိပါသည်။ ပြေလည်သောမိသားစု ၊ အလယ်အလတ် ၊ နွမ်းပါးသော မိသားစု ဟူ၍ သုံးမျိုးရှိပါသည်။ ပြေလည်သောမိသားစု တွင် ပိုင်ဆိုင်သော ပစ္စည်းများမှာ လယ်ဧက (၁၀) မှ (၂၀) ၊ရွှေနွားပျို၊ နွား၊ ဆိုင်ကယ်၊ စက်ဘီး၊ အိမ်ခြံ၊ လယ်ယာသုံးပစ္စည်း၊TV တို့ကို ပိုင်ဆိုင်ပြီး အိမ်ထောင်စု အရေအတွက်မှာ (၃၀) ရှိပြီး ရာခိုင်နှုန်း မှာ (၁၁%) ရှိပါသည်။ အလယ်အလတ် မိသားစုတွင် ပိုင်ဆိုင်သောပစ္စည်းများမှာ လယ်ဧက (၁၀)အောက်၊ TV ၊ အိမ် နှင့်ခြံ တို့သာ ပိုင်ဆိုင်ပြီး အိမ်ထောင်စု အရေအတွက်မှာ (၁၀၀) ရှိပြီး ရာခိုင်နှုန်းမှာ (၃၇%)ရှိပါသည်။ နွမ်းပါးသောမိသားစုတွင် ပိုင်ဆိုင်သောပစ္စည်းများမှာ အိမ်မှာ ဝါးအိမ်ခနိမိုးဖြစ်သည်။ကူလီ ခေါင်းရွက် ဈေးသယ် စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။အိမ်ထောင်စု အရေအတွက်မှာ (၁၄၃)ရှိပြီး ရာခိုင်နှုန်းမှာ (၅၄%) ရှိပါသည်။

## ၃။ ရာသီခွင် ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပြီး နတ်တော်လတွင် ရိတ်သိမ်းပြီးစီးပါသည်။ ပဲစိုက်ပျိုးခြင်းကို တန်ဆောင်မုန်းလမှ တပို့တွဲ၊ တပေါင်းလ အထိ စိုက်ပျိုးပါသည်။ ကွမ်းစိုက်ပျိုးခြင်းကို ၁၂ရာသီလုံး စိုက်ပျိုးပါသည်။

**မွေးမြူရေး** ကြက်၊ဘဲ၊ဆိတ်၊နွားမွေးမြူခြင်းကို ၁၂ ရာသီလုံးမွေးမြူကြပါသည်။

**ကျန်းမာရေး** မိုးတွင်းကာလများဖြစ်သော ဂါဆို ဂါခေါင်တွင် အအေးမိ ဖျားနာခြင်းများရှိပြီး တော်သလင်း သီတင်းကျွတ်တွင်လည်း ဖျားနာမှုများရှိပါသည်။

**ပွဲတော်များ** တန်ခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ တန်ဆောင်မုန်း လတွင် ကထိန်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပို့တွဲလတွင် ကျေးရွာ ဘုရားပွဲတော် များကျင်းပကြပါသည်။

**ဝင်ငွေ** ကဆုန်လတွင်ဝင်ငွေ နည်းပါးပြီး ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ် တွင် ဝင်ငွေများ ကောင်းမွန်စွာ ရရှိပါသည်။ ပြာသို တပိုတွဲ တပေါင်းလတွင် ဝင်ငွေ အနည်းငယ် ရရှိပါသည်။

**အားလပ်ချိန်** တပေါင်း ၊တန်ခူး ၊ကဆုန်၊တော်သလင်းလများတွင် အားလပ်ကြပါသည်။

၄။ ဖင်းပုံစံသုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူး၊ ကျောင်းကော်မတီ တို့သည်ကျေးရွာ၏ ပညာရေးမြင့်မားအောင် ကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ကြပြီးအမျိုးသမီးများ၏အခက်အခဲများကို ဖြေရှင်းပေးပါသည်။ ကျေးရွာဂေါပကအဖွဲ့သည်ကျေးရွာ၏သာရေးနာရေး၊ ဘာသာရေးပွဲတော်များတွင် ကျေးရွာရပ်မိရပ်ဖများနှင့်တိုင်ပင်ကာကူညီဆောင်ရွက်ပေးပါသည်။

ဆေးပဒေသာပင်အဖွဲ့သည်ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးပါသည်။ ပတ်(စ်)မြန်မာ၊ မြစိမ်းရောင်အဖွဲ့အစည်းများ သည်ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ကြက်ခြေနီ၊ အရန်ရဲ၊ ပြည့်သူစစ် တို့သည်လည်းကျေးရွာ ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ကူညီကြသည်။ ကျေးရွာတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီအဖွဲ့သည်

မြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်၍ ကျေးရွာ၏ အဓိကဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

ကျေးရွာပြင်ပအဖွဲ့အစည်း များဖြစ်သည့်မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ မြို့နယ်တရားရုံး၊ မြို့နယ်ရဲစခန်း၊မြို့နယ်ဆေးရုံ၊စစ်တပ်တို့သည် ကျေးရွာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးမှူးနှင့်ကဏ္ဍအသီးသီးတွင်ချိတ်ဆက် ဆောင်ရွက်နေသည်ကို လည်းတွေ့ရှိရပါသည်။

**၅။ ပင့်ကူအိမ်သုံးသပ်ချက်။**



**သုံးသပ်ချက်**

**အိမ်မှုကိစ္စ** - အမျိုးသားအများစုသည် အိမ်မှုကိစ္စများကို ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရသည်။

**ဦးဆောင်ပိုင်ခွင့်** - ရပ်ရေးရွာရေးနှင့် အိမ်တွင်းရေးကိစ္စများတွင် အမျိုးသားများကသာ အများအားဖြင့် ဦးဆောင်နေသည်။ အမျိုးသမီးများသည် ရှေးရိုးစွဲအစဉ်အလာများကြောင့် အမျိုးသားများနှင့် တန်းတူ ဦးဆောင်နိုင်ရန် အခွင့်အရေးနည်းပါးသည်ကို တွေ့ရသည်။

**ဆုံးဖြတ်ပိုင်ခွင့်** - အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုနည်းပါးခြင်း ရှေးရိုးစွဲ အစဉ်အလာများကြောင့် အမျိုးသားများကိုသာ မှီခို၍ နေရသောကြောင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသားများကသာ ဦးဆောင်နေသည်။

**အလုပ်အကိုင်အခွင့်အလမ်း** - အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စများတွင်သာ အချိန်ကုန်နေရခြင်း၊ သက်မွေးမှုပညာများ တတ်မြောက်မှုနည်းပါးခြင်းတို့ကြောင့် အမျိုးသားများနှင့် တန်းတူ အလုပ်အကိုင်အခွင့် အလမ်းများ မရရှိသည်ကို တွေ့ရသည်။


**ပညာရေး** - ပညာရေးကဏ္ဍတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ ကွာခြားချက်သည် အနည်းငယ်သာရှိသည်။


**ဝင်ငွေရရှိမှု** - အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများကသာ ပို၍ရရှိသောကြောင့် ဝင်ငွေရရှိမှုတွင်လည်း အမျိုးသားများကသာ သာလွန်နေသည်။

**လုံခြုံမှု** - ခေတ်ကာလအခြေအနေနှင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံအားနည်းမှုတို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများလောက် လုံခြုံမှုမရှိကြောင်း တွေ့ရသည်။

**ကျန်းမာရေး** - ကျန်းမာကြံ့ခိုင်မှုနှင့် ကျန်းမာရေးအသိပညာရရှိမှုတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှရှိသည်ကို တွေ့ရသည်။

## ၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။






**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ယာမြေ စက်ပစ္စည်း တို့ကို အမျိုးသားများက ထိန်းချုပ်ပြီး ရွှေ၊ စက်ဘီးစသည့်တို့ကို အမျိုးသမီးများက ထိန်းချုပ်သည်။ ရေကန်၊ လမ်း၊ ချောင်း၊ တံတား၊ ဘုရား စသည့်တို့ကို အမျိုးသားများသာမကပဲ အမျိုးသမီးများပါ ထိန်းချုပ်မှုကို ပြုလုပ်ပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော အဝတ်အထည်၊ ရွှေ ၊ ယက်ကန်းစင် စသည့်တို့ကို အမျိုးသမီးများက သုံးစွဲပြီး စက်ပစ္စည်း၊ ဘောလုံးကွင်း ၊ လယ်၊ စသည့်တို့ကို အမျိုးသားများက သုံးစွဲကြသည်။ ကျောင်း၊ ကန်၊ ဘုရား၊ ငွေ ၊ရေတွင်းရေကန် ၊လမ်း ၊ တံတား စသည့်တို့ကို အမျိုးသားများသာမက ဘဲ အမျိုးသမီးများပါ သုံးစွဲမှုကို ပြုလုပ်ပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးအား ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၂.၁.၂၀၁၈**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လာသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



လုပ်ငန်းများရွေးချယ်ခြင်းနှင့်ဆွေးနွေးခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ရန် မဲပေးခြင်း မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဝင်းငွေ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်မြဝင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဘိုဘိုဇင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်သိန်းအေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်တင်ညို | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးတင်မောင်လတ် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်အေးဆန်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးဟန်မျိုး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးမျိုးဇင်အောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်မူမူမြင့် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးမျိုးမင်းနိုင် | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဒေါ်စုစု | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဦးစန်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်မြင့်မြင့်ခိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးဝင်းဇော် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်          ကျား-၈ ယောက် + မ ၇ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်မြဝင်း          ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးနေဝင်းထွန်း          ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်
၃။ဦးဝင်းငွေ          ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဦးတင်သိန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ          ၉.၂.၂၀၁၈

## ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | 0942002393 | [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၀၀ | ဘာသာ (၁) ---[illegible]--- | ၂၀၀ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၇၃ | ဘာသာ (၂) ---[illegible]--- | ၇၃ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- | ၄၁၄ | ၃၉၂ |
| လူမျိုးစု (၂)---------- | ၁၆၂ | ၁၆၀ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၇၉ | ၁၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (မရှိပါ circled)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁.၂ မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်------------၁၅ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြေနိုင်းရောင်------------------

(၂) ဓာတ်ရာသား-ဘာဖွဲ့-------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးတင့်လှိုင်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးတင်သိန်း

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင်ဝင်း | | | |
| နေ့စွဲ ၈.၁၁.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် ကော့မှူး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးသော ပြဿနာ | ၁ | မီးမရရှိသောအခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၂ | သောက်သုံးရေသန့်ရှင်းမှုမရှိခြင်းအခက်အခဲ |
| ၃ | ကျန်းမာရေး ပြဿနာ | ၃ | လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်ခြင်းအခက်အခဲ |
| ၄ | သောက်သုံးရေမရရှိခြင်းအခက်အခဲ | ၄ | ကစားကွင်းမရှိခြင်း |
| ၅ | အားကစားကွင်းမရှိသောအခက်အခဲ | ၅ | စာသင်ကျောင်းမရှိခြင်းအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းရရှိရန် | ၁ | မီးရရှိရန် |
| ၂ | ရွာတွင်းလမ်းများ/ရွာပြင်လမ်းရရှိရန် | ၂ | စာကြည့်တိုက်ရရှိရန် |
| ၃ | ကျေးလက်ဆေးပေးခန်း၊ [illegible] ရရှိရန် | ၃ | စာသင်ကျောင်းရရှိရန် |
| ၄ | သောက်ရေကန်ဖြစ်ညှိ ရိုးဆက်ရန် | ၄ | ကစားကွင်းရရှိရန် |
| ၅ | စက်ရေတွင်းရရှိရန်။ | ၅ | လမ်းများကောင်းမွန်ရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ရန် | က+မ | 23,000,000 | 2694 |
| ၂ | သောက်ရေကန်ဖြစ်ညှိရိုးဆက်ရန် | က+မ | 3,400,000 | 2694 |
| ၃ | သောက်ရေကန်ဖြစ်ညှိရိုးဆက်ရန် | က+မ | 4,300,000 | 2694 |
| ၄ | အားကစားကွင်းပြုလုပ်ရန် | က+မ | 5,000,000 | 2694 |
| ၅ | စက်ရေတွင်း ၁" ပက်ယာသွင်း (၁)ခု | က+မ | 13,500,000 | 2694 |

| အမျိုးသားအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | အမျိုးသမီးအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ |
|---|---|
| ၆။ လယ်ယာမြေပြဿနာ | ၆။ ကျန်းမာရေးအခက်အခဲ |
| ၇။ စာကြည့်တိုက်မရှိခြင်းအခက်အခဲ | ၇။ ပညာရေးအခက်အခဲ (စာကြည့်တိုက်မရှိခြင်း) |
| ၈။ မူကြိုကျောင်းအခက်အခဲ | ၈။ သောက်သုံးရေအခက်အခဲ (ဂျက်ရေတွင်း) |
| ၉။ မီးလင်းရေးပြဿနာ | ၉။ ဝန်ထမ်းအိမ်ရာ |
| ၁၀။ ကျေးရွာဆေးပေးခန်းပြဿနာ | ၁၀။ ချောင်း၊ မြောင်းတိမ်ကောခြင်း |
| ၁၁။ အုပ်ချုပ်ရေးမှူးရုံးပြဿနာ | |
| ၁၂။ မူလတန်းကျောင်းမရှိခြင်းပြဿနာ | |
| ၁၃။ ဝန်ထမ်းအိမ်ရာပြဿနာ | |
| ၁၄။ သောက်သုံးရေသန့်ရှင်းရေးပြဿနာ | |
| ၁၅။ ရွာခွဲရရှိရေးပြဿနာ | |
| ၁၆။ ဂျက်ရေတွင်းမရှိခြင်းပြဿနာ | |

| အမျိုးသားများမှတင်ပြသောမျှော်မှန်းချက် | အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက် |
|---|---|
| ၆။ စာကြည့်တိုက်အဆောက်အဦးရရှိရန် | ၆။ သောက်သုံးရေကန် (ခြံစည်းရိုး) |
| ၇။ ကျေးရွာမူကြိုကျောင်းရရှိရန် | ၇။ ချောင်း၊ မြောင်းတူးဖော်ခြင်း |
| ၈။ လျှပ်စစ်မီးရရှိရန် | ၈။ ကျန်းမာရေးဆေးခန်းရရှိရန် |
| ၉။ ချောင်း၊ မြောင်းများတူးဖော်ရန် | ၉။ ဝန်ထမ်းအိမ်ရာရရှိရန် |
| ၁၀။ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် | ၁၀။ ဂျက်ရေတွင်းရရှိရန် |
| ၁၁။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခွဲရရှိရန် | ၁၁။ အသက်မွေးဝမ်းကျောင်းသင်တန်း ရရှိရန် |
| | ၁၂။ အုပ်ချုပ်ရေးမှူးရုံးခွဲရရှိရန်။ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန် | ကျ + မ | |
| ၂။ | စာကြည့်တိုက်ဆောက်လုပ်ရန် | က + မ | |
| ၃။ | မူကြိုကျောင်းသစ်ဆောက်လုပ်ရန် | က + မ | |
| ၄။ | လျှပ်စစ်မီးရရှိရန်။ | က + မ | |
| ၅။ | ရွာလမ်း/မြောင်းတူးဖော်ရန် | က + မ | |
| ၆။ | ပညာရေးဝန်ထမ်းများ အိမ်ရာဆောက်လုပ်ရန်၊ | က + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်--ဒေါ်မြမြဝင်း-------- လက်မှတ်--ဒေါ်မြဝင်း-------------------- နေ့စွဲ--------၈.၁၁.၁၇--------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | စာကြည့်တိုက် | |
| | ၂ | | ☐ မ ☐ ကျား | ဆောက်လုပ်ရန်။ | |
| | ၃ | | ☐ မ ☐ ကျား | ဝန်ထမ်းအိမ်ရာ | |
| | ၄ | | ☐ မ ☐ ကျား | ဆောက်ရန် | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | ကျေး: လက်ဆေးခန်း(ဗေ) ခန်း ဆောက်ရန် | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | မူကြိုကျောင်း | |
| | ၂ | | ☐ မ ☐ ကျား | ဆောက်လုပ်ရန် | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | | ☐မ<br>☐ကျား | ကျုပ်စစ်ဓါးရှိ | |
| | ၂ | | ☐မ<br>☐ကျား | ရှိ " | |
| | ၃ | | ☐မ<br>☐ကျား | ချောင်း မြောင်း | |
| | ၄ | | ☐မ<br>☐ကျား | တူး ရှိ | |
| | ၅ | | ☐မ<br>☐ကျား | | |

## ၁၁။အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

**ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ---- ခရေယောက်ဆွဲကျေးရွာ။

ကျေးရွာအုပ်စု ---- မီးပြကျေးရွာအုပ်စု။

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ခရေယောက်ဆွဲကျေးရွာဘုန်းတော်ကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၈.၁၁.၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ပထမအကြိမ်ကျေးရွာစီမံကိန်းမိတ်ဆက် အစည်းအဝေးနှင့်လူမှုဆန်းစစ်ခြင်း။ (ဒုတိယ၅နှစ်စက်ဝန်း)

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၄)ဦး ၊မ (၅၈)ဦး= (၁၄၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ဒုတိယနှစ်စက်ဝန်းအတွက်ကျေးရွာပထမအကြိမ်အစည်းအဝေး စီမံကိန်းမိတ်ဆက်၊ စက်ဝန်း၊ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။ လူမှုဆန်းစစ်ခြင်း (ပြဿနာရှာဖွေခြင်း)။

ဆွေးနွေးချက်(၁)။ ။ လူထုစည်းရုံးရေးမှူး ဦးတင်သိန်းက ကျေးရွာသူ/သားများအား စီမံကိန်း၏ ရည်ရွယ်ချက်၊ မိတ်ဆက်(၅)ချက်အား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်းတွင် အပိုင်း(၆)ပိုင်း၊ အဆင့်(၁၄)ဆင့်အား အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်၊ ကျေးရွာစေတနာ့ဝန်ထမ်းရေးရာအား ပထမနှစ်စက်ဝန်းတွင် ရွေးချယ်တင်မြှောက်ခဲ့သူ ဦးစန်းအောင်နှင့် ဒေါ်မြင့်မြင့်ခိုင် တို့အား ကျေးရွာလူထုမှ ဒုတိယ၅နှစ်စက်ဝန်းအတွက်ပြန်လည် တာဝန်ထမ်းဆောင်ရန် သဘောတူညီကြပြီး ကာယကံရှင်များမှလည်း ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူညီကြသဖြင့် ပြန်လည်ရွေးချယ်ခြင်းမရှိဘဲ ပထမနှစ်အတိုင်းအတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက်(၂) ။

"ကျေးရွာမှ အစည်းအဝေးတက်ရောက်သူများအား အဖွဲ့များခွဲစေ၍ လှုပ်ရှားမှုဆန်းစစ်ခြင်း (၆) ခုအား ပြုလုပ်ခဲ့ကြပါသည်။ (၁) ကျေးရွာအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထုနှင့် ပထမနှစ်စက်ဝိုင်းတွင် လိုအပ်ချက်များကို ပြန်လည်ပြုပြင်ခဲ့ပါသည်။
(၂) ကျေးရွာတွင်းတွင် ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်တွင် ကျေးရွာအတွင်းတွင် မည်သည့်အချိန်တွင် ဘာလုပ်ငန်းများလုပ်ပြီး မည်သည့်ရက်များ ရှိနေသလည်းကို ဆွေးနွေးခဲ့ပါသည်။ (၄) ဗင်းပုံကကျေးရွာအတွင်းတွင် အဖွဲ့အစည်း မည်မျှရှိ၍ မည်သည့်အဖွဲ့အစည်းများက ထည့်ထည့်ဝင်ဝင် ပါတ်သက်မှုရှိသလည်း ဆွေးနွေးခဲ့ပါသည်။ (၅) ပင့်ကူအိမ်သုံးသပ်ခြင်းသည် အမျိုးသား/သမီးများက နေရာတိုင်းတွင် ဘယ်လောက်ထည့်ဝင်ဝင် လှုပ်ရှားနိုင်သလည်းကို ဆွေးနွေးခဲ့ပါသည်။ (၆) ပိုင်ဆိုင်မှုသုံးသပ်ခြင်းသည် ကျေးရွာတွင်းတွင် ဘယ်လောက်အမျိုးသားများ အရင်းအမြစ်များ ထိန်းချုပ်သုံးစွဲထားခြင်း ရှိမရှိ၊ အမျိုးသမီးများကလည်း အရင်းအမြစ်များ ထိန်းချုပ်သုံးစွဲထားခြင်း ရှိမရှိကို ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်၊
သဘောတူညီချက်

။ ကျေးရွာစေတနာ့ဝန်ထမ်းအား ပထမနှစ်စက်ဝန်း
တွင် ရွေးချယ်တင်မြှောက်ခဲ့သူ ၂၁ဦး အားပြန်လည်
တာဝန်ပေးရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်၊
ယှဉ်ဆိုင်းစစ်ခြင်း (၆၁၃) စလုံးကို ကျေးရွာလူထု
၏ သဘောဆန္ဒ အတိုင်း လိုအပ်ချက်များကို
ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ သဘောတူညီမှုရရှိခဲ့
ပါသည်၊

အစည်းအဝေးကို (၉း၀၀) နာရီမှစတင်၍ (၁၁း၀၀) နာရီတွင်
ရုပ်သိမ်းခဲ့ပါသည်၊

မှတ်တမ်းတင်သူ
လက်မှတ် –
အမည် – ဦးတင်အိုရှိ
ရာထူး – လူထုစည်းရုံးရေး
မှူး

... ပထမနှစ်အတွင်း အတည်ပြုခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ကျေးရွာ | ခရေကောက်ဆွဲကျေးရွာ |
| ကျေးရွာအုပ်စု | မီးဖြူကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ခရေကောက်ဆွဲကျေးရွာ ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | 8. 11. 2017 |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ဒုတိယနှစ်စက်ဝန်း ဒုတိယအကြိမ်မြောက် ဆက်စပ်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၄ )ဦး ၊မ (၅၈ )ဦး= (၁၄၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများ ဖွဲ့စည်းခြင်း။

ဆွေးနွေးချက်။ ။ ဒုတိယနှစ်စက်ဝန်း ဒုတိယအကြိမ်မြောက်ဆက်စပ်အစည်းအဝေးကို လက်ထောက်နည်းပညာမှူး ဒေါ်ကျော့ကျော့ဝင်း မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာသားများ ပထမနှစ်စက်ဝန်း မှ ဦးစားပေး သတ်မှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း နှင့် ဒုတိယနှစ်စက်ဝန်း ပြန်လည်စတင်ချိန်တွင် ပထမနှစ်မှ သတ်မှတ်ထားသည့်စာရင်းစဉ်အတိုင်း ဆက်လက် အကောင်အထည်ဖော်နိုင်ကြောင်း ပြန်လည်ရွေးချယ်လိုပါက သတ်မှတ်ထားသည့်ပထမနှစ်မှ စာရင်းစဉ်ကို ပြန်လည်ရွေးချယ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

သဘောတူညီချက်။ ။ ကော်မတီဝင်များနှင့်ကျေးရွာရပ်မိရပ်ဖများ၊ကျေးရွာသူ/သားများက ယခင်နှစ်မှ ရွေးချယ်ထားသည့်အတိုင်း လုပ်ငန်းစဉ်များအား စာရင်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားကြရန်

သဘောတူညီခဲ့ကြပါသည်။

ဆွေးနွေးချက်။ ။ လူထုစည်းရုံးရေးမှူး ဦးတင်ဝင်းနိုင်မှ ကော်မတီဝင်များအား ဒုတိယ၃နှစ်သက်တမ်းတွင်ဆက်လက်၍တာဝန်ယူထမ်းဆောင်ပေးလိုခြင်း ဆန္ဒရှိ/မရှိအား ကော်မတီဝင်တစ်ဦးချင်းစီ၏ သဘောဆန္ဒများကို ကျေးရွာလူထုရှေ့တွင်မေးမြန်းခဲ့ပါသည်။ မေးမြန်းရာတွင် စောင့်ကြည့်ကြိုးကြပ်ရေးဆပ်ကော်မတီဝင်များမှ အဖွဲ့ဝင်တစ်ဦးထပ်မံရွေးချယ်လိုကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အဖွဲ့ဝင်ရွေးချယ်ရန် အမျိုးသား (၃)ဦးအား အဆိုပြုလျှင် မဲအများဆုံးရရှိသော ဦးဟန်မျိုးအား စောင့်ကြည့်ကြိုးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်အဖြစ်မဲပေးရွေးချယ်ထားကြောင်း ကျေးရွာလူထုအား ပြန်လည်ရှင်းပြခဲ့ပါသည်။ ကျန်ရှိနေသောကော်မတီဝင်များမှလည်း ဒုတိယ၃နှစ်သက်တမ်းတွင်ဆက်လက်၍တာဝန်ယူထမ်းဆောင်ပါမည်ဟုဝန်ခံချက်များနှင့် ကျေးရွာလူထုများ၏ရှေ့တွင်တာဝန်ယူကတိပြုပြီး ပြန်လည်ထမ်းဆောင်ခဲ့ကြပါသည်။

သဘောတူညီချက်။ ဆုံးဖြတ်ချက် ။ ကျေးရွာလူထုမှကော်မတီဝင်များအားယုံကြည်ကြောင်း ထောက်ခံပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကော်မတီဝင်များအား ဒုတိယ၃နှစ်သက်တမ်းတွင်ဆက်လက်တာဝန်ယူထမ်းဆောင်ရန် သဘောတူညီဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်ချက် ။ ။ အစည်းအဝေးတွင်ဆွေးနွေးချက်၊ သဘောတူညီချက်၊ ဆုံးဖြတ်ချက်များသည် ကျေးရွာလူထုအားလုံး၏သဘောတူညီဆုံးဖြတ်ချက်များသာ ဖြစ်သည်။

မှတ်တမ်းတင်သူ

ဦးတင်ဝင်းနိုင်

လူထုစည်းရုံးရေးမှူး

## ၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊